# ကုလသမဂ္ဂ အထူးကိုယ်စားလှယ်၏ ‘လူသားချင်းစာနာထောက်ထားမှုအပြင်’ (Humanitarian Plus) ချဉ်းကပ်မှုနည်းလမ်း

## ဖြစ်ရပ်အချက်အလက်

‘လူသားချင်းစာနာထောက်ထားမှုအပြင်’ (Humanitarian Plus) ချဉ်းကပ်မှုနည်းလမ်းအကြောင်း ထည့်သွင်းပြောခဲ့တဲ့ ကုလသမဂ္ဂ အထူးကိုယ်စားလှယ်ရဲ့ အဆိုပြုချက်ကို ထောက်ခံကြောင်းနဲ့ ထပ်ဖြည့်လိုတဲ့ အချက်သုံးချက်ပါဝင်တဲ့ တုံ့ပြန်ကြေညာချက်တစောင်ကို ကရင်အမျိုးသားအစည်းအရုံး (KNU)၊ ချင်းအမျိုးသားတပ်ဦး (CNF) နဲ့ ကရင်နီ အမျိုးသားတိုးတက်ရေးပါတီ (KNPP) တို့သုံးဖွဲ့ ပူးပေါင်းပြီး ထုတ်ပြန်ခဲ့ပါတယ်။ ကမ္ဘောဒီးယားနိုင်ငံနဲ့ ကုလသမဂ္ဂအထူးကိုယ်စားလှယ်တို့အပြင် အခြား အာဆီယံနိုင်ငံခေါင်းဆောင်တွေအကြား တွေ့ဆုံမှုတွေလည်း ဆက်တိုက်ဖြစ်နေပြီး မြန်မာနိုင်ငံအတွက် လူသားချင်းစာနာမှုကိစ္စတွေကို အဓိကထား ပြောဆိုနေကြပါတယ်။

## ကနဦးသုံးသပ်ချက်

စစ်ပွဲတွေနဲ့ လေကြောင်းတိုက်ခိုက်မှုတွေ ပြင်းထန်လာတာနဲ့အမျှ အရပ်သားတွေကို အကာအကွယ်ပေးရေးနဲ့ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးက အဓိကကျလာပါတယ်။ ဒီအရေး ဖြေရှင်းနိုင်ဖို့အတွက် Humanitarian Plus ဆိုတဲ့ ချဉ်းကပ်မှုကို ပြောဆိုကြရာမှာတော့ လူသားချင်း စာနာထောက်ထားတဲ့ အကူအညီသက်သက်သာမက၊ ‘အပြင်’ (Plus) ဆိုပြီး ဖြည့်စွက်ထည့်သွင်း ဆောင်ရွက်ရမယ့်ကိစ္စရပ်နဲ့ ဒီလို ဆောင်ရွက်မယ့်နယ်ပယ်က ဘယ်အတိုင်းအတာအထိ ကျယ်ပြန့်သွားမလဲဆိုတဲ့ အယူအကောက်ကတော့ သဲသဲကွဲကွဲ မရှိသေးပါဘူး။

ISPONPOINT

ယခုဖော်ပြသည့် ISP’s OnPoint ကဏ္ဍတွင် လတ်တလော ဖြစ်ပေါ်နေသော ထူးခြားအရေးပါသည့် ဖြစ်ရပ်များနှင့် ပတ်သက်၍ ဆီလျော်မည့် ကနဦး သုံးသပ်ချက်များကို ကျစ်ကျစ်လျစ်လျစ် ပိုင်းခြားရေးသားပြီး ဖြစ်တန်ခြေများအား ISP-Myanmar က အကဲဖြတ် ဖော်ပြသွားပါမည်။

ဒီအသုံးအနှုန်းနဲ့ အယူအဆဟာ လူသားချင်းစာနာမှု အထောက်အကူပေးရေး အစီအစဉ်တွေကို နိုင်ငံရေးအကျပ်အတည်း ဖြေရှင်းရေးနည်းတွေနဲ့ တွဲချိတ်ထားဖို့များ ရည်ရွယ်ထားသလား ဆိုတဲ့ မေးခွန်း ရှိလာပါတယ်။ အာဆီယံ အထူးကိုယ်စားလှယ်တွေရဲ့ တောင်းဆိုချက်တွေကိုကြည့်ရင် ဘက်အသီးသီးက ထိန်းထိန်းသိမ်းသိမ်း လုပ်ကြဖို့နဲ့ လူသားချင်းစာနာတဲ့ အပစ်အခတ်ရပ်စဲရေးလုပ်ဖို့ တောင်းဆိုကြတာကိုလည်း တွေ့နိုင်ပါတယ်။ ဒီကိစ္စဟာ အာဆီယံဘုံသဘောတူညီချက် ငါးရပ်ထဲက နံပါတ်နှစ်အချက်ဖြစ်တဲ့ 'သက်ဆိုင်သူတွေအကြား အပြုသဘောဆောင်ဆွေးနွေးပြီး ငြိမ်းချမ်းတဲ့ အဖြေရှာရန်' ကိစ္စနဲ့လည်း ဆက်စပ်နေဖွယ် ရှိပါတယ်။ ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၀ ရက်မှာ တိုင်းရင်းသား လက်နက်ကိုင် (EAO) သုံးဖွဲ့ ပထမဆုံးပူးပေါင်းပြီး ထုတ်ပြန်ခဲ့တဲ့ ကြေညာချက်ထဲမှာ

(က) စစ်ရေးအရ လေယာဉ်မပျံသန်းရဇုန် (No-fly Zone) ကြေညာပြီး လိုက်နာမှုရှိစေဖို့ နိုင်ငံတကာက တာဝန်ယူစောင့်ကြပ်ပေးဖို့ကိစ္စ၊

(ခ) နိုင်ငံတကာအာမခံမှုနဲ့ အရပ်သားပြည်သူများ အကာအကွယ် ပေးတဲ့ လုံခြုံသောနေရာများ (International Guaranteed Protection of Civilians Safe Zone) တိတိကျကျ သတ်မှတ်ကြေညာပေးရေးကိစ္စနဲ့

(ဂ) နိုင်ငံတကာအတိုင်းအတာဖြင့် ညှိနှိုင်းထားသော လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ စင်္ကြံများ (Negotiated Humanitarian Corridor) ကြေညာရန်၊ ထိုမှတဆင့် နယ်စပ်ဖြတ်ကျော်၍ (သို့မဟုတ်) နိုင်ငံတွင်း အဓိကကျတဲ့ နေရာတွေမှတဆင့် အလိုအပ်ဆုံးဖြစ်တဲ့ နေရာတွေကို အကူအညီပေးရေးအဖွဲ့တွေက သွားရောက်ပံ့ပိုးရန် ကိစ္စရပ်တွေကို ထည့်သွင်းစဉ်းစားဖို့ တိုက်တွန်းခဲ့ပါတယ်။

EAO သုံးဖွဲ့ရဲ့ ကြေညာချက်ထဲမှာ အပစ်အခတ်ရပ်စဲရေးကို တောင်းဆိုတာမျိုး မတွေ့ရသလို အမျိုးသားညီညွတ်ရေးအစိုးရ (NUG) နဲ့ ဒေသခံ ပြည်သူ့ကာကွယ်ရေး တပ်တွေရဲ့အခန်းကဏ္ဍကို ထည့်ပြောခဲ့တာလည်း မရှိပါဘူး။ ဒါပေမဲ့ **'အရေးပေါ် လိုအပ်ချက်များအား အသုံးချလျက် မြန်မာနိုင်ငံမှ ပါဝင်ပတ်သက်သူများနှင့်အတူ အာဆီယံနှင့် နိုင်ငံတကာ အသိုင်းအဝိုင်းတို့အကြား အပြုသဘောဆောင်သော ဆွေးနွေးညှိနှိုင်းမှု နည်းလမ်းများကို အကောင်အထည် ဖော်ဆောင်နိုင်လိမ့်မည်ဟု မျှော်လင့်ပါသည်'** လို့ ကြေညာချက်နိဂုံးပိုင်းမှာ ရေးခဲ့တာ တွေ့ရပါတယ်။

စစ်ကောင်စီဘက်မှာတော့ EAOs တွေနဲ့ ဒေသခံ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (PDFs) တွေကို ခွဲခြားပြောဆိုပြီး တိုင်းရင်းသားလက်နက်ကိုင်တွေနဲ့ အပစ်အခတ်ရပ်စဲရေးကို သက်တမ်းတိုးထားတယ်လို့ ပြောဆိုထားပါတယ်။ လူသားချင်းစာနာမှု အကူအညီပေးရေး ကိစ္စတွေကိုတော့ အာဆီယံနဲ့ ညှိနှိုင်းဆောင်ရွက်သွားမယ်လို့ ဆိုထားပါတယ်။ တဖက်မှာလည်း ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မကွေးတိုင်းနဲ့ ကယားပြည်နယ်တွေ အပါအဝင် EAOs အချို့နဲ့ ဆက်စပ်တဲ့ နယ်မြေတွေမှာရှိတဲ့ ပြည်သူ့ကာကွယ်ရေးတပ်တွေကို လေကြောင်းတိုက်ခိုက်မှု အပါအဝင် နည်းပေါင်းစုံသုံးပြီး ချေမှုန်းနေတာ တွေ့ရပါတယ်။

ပြန်ချုပ်ရရင် လူသားချင်းစာနာမှု အကူအညီတွေ ပေးအပ်နိုင်ဖို့

(၁) EAO သုံးဖွဲ့က ထုတ်ပြန်တဲ့ ကြေညာချက်မှာပါသလို 'နိုင်ငံတကာက တာဝန်ယူစောင့်ကြပ်'၊ 'နိုင်ငံတကာအာမခံမှု'နဲ့ 'နိုင်ငံတကာအတိုင်းအတာနဲ့ ညှိနှိုင်းထားတဲ့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ စင်္ကြံတွေကနေတဆင့် သွားရောက် ကူညီပံ့ပိုးတာမျိုးက စစ်ကောင်စီအပါအဝင် ပဋိပက္ခထဲ ပါဝင်နေသူတွေအားလုံး အပစ်အခတ်ရပ်စဲမှု မရှိဘဲ တကယ် ဖြစ်နိုင်မလားဆိုတာ အရေးကြီးတဲ့မေးခွန်း ဖြစ်လာပါတယ်။

(၂) တကယ်လို့ လူသားချင်း စာနာမှုအကူအညီတွေ ပေးနိုင်ရေး အပစ်ရပ်မှုရမယ်ဆိုရင် စစ်ကောင်စီ၊ EAOs၊ NUG နဲ့ ဒေသခံ ပြည်သူ့ကာကွယ်ရေးတပ်တွေ အစရှိတဲ့ ဆက်စပ်ဒေသထဲက ဘယ်အဖွဲ့အစည်းတွေ ဒီအထဲမှာ အဓိကကျအကျုံးဝင်မလဲ ဆိုတာနဲ့

(၃) လူသားချင်းစာနာမှုကနေ ချိတ်ဆက်ပြီး ပဋိပက္ခအရှိန်လျော့ကျအောင် (De-escalation) နဲ့ နိုင်ငံရေးအကျပ်အတည်းအတွက် ထွက်ပေါက်ကို ဘယ်သူတွေနဲ့ ဘယ်လိုရှာမလဲဆိုတဲ့ အချက်သုံးချက်ကိုလည်း ထည့်စဉ်းစားဖို့ အရေးကြီးလာပါတယ်။

## ဖြစ်တန်ခြေအကဲဖြတ်ချက်

လူတွေသေကြေ၊ မြို့ရွာတွေပျက်စီး၊ ဒုက္ခသည်တွေ သိန်းချီ တိုးမြင့်ကာ လူသားချင်းစာနာမှုအကူအညီတွေ အများဆုံး လိုအပ်နေတဲ့ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်း၊ ကယားပြည်နယ် (ကရင်နီဒေသ)နဲ့ ကရင်ပြည်နယ်တွေမှာ ပြင်းထန်လာနေတဲ့ လက်ရှိပဋိပက္ခတွေဟာ EAOs တပ်ဖွဲ့တွေနဲ့ စစ်ကောင်စီတပ်တို့အကြားဖြစ်တဲ့ တိုက်ပွဲတွေကြောင့်ထက် EAOs တွေနဲ့ ဒေသခံ ပြည်သူ့ကာကွယ်ရေးတပ်တို့ရဲ့ ပူးပေါင်းအဖွဲ့တွေနဲ့ စစ်ကောင်စီအကြား တိုက်ခိုက်မှုတွေက အဓိကဖြစ်ပါတယ်။ EAOs တွေနဲ့ နိုင်ငံတကာအပါအဝင် ဘက်အသီးသီးက အခုဖြစ်နေတဲ့ အခြေအနေမှာ အရေးပါတဲ့ ပလေယာသစ်အဖြစ် ပါဝင်နေတဲ့ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) နဲ့ ဒေသခံ ပြည်သူ့ကာကွယ်ရေးတပ်တွေရဲ့ အခန်းကဏ္ဍကို တိတိပပ ပွင့်လင်းစွာ ထုတ်ဖော်ပြောဆိုတာမျိုး မလုပ်ဘဲ ဝါးတားတားလုပ်နေသရွေ့ လူသားချင်းစာနာမှု အကူအညီတွေပေးရေးအတွက် ခက်ခဲနေဦးမှာဖြစ်တယ်။ ဒါ့အပြင် ပဋိပက္ခလျော့ပါးရေးနဲ့ ရေရှည် နိုင်ငံရေးအကျပ်အတည်း ထွက်ပေါက်ရရေးအတွက်လည်း ခက်ခဲနိုင်ဖွယ်ရှိပါတယ်။ စစ်ကောင်စီဘက်ကတော့ EAOs နဲ့ ပြည်သူ့ကာကွယ်ရေး တပ်ဖွဲ့တွေကို ခွဲထုတ်ရေးဗျူဟာကိုပဲ လတ်တလော ဆက်ကျင့်သုံးဖွယ်ရှိပြီး တောင့်မခံနိုင်တဲ့ဘက်ကရှုံးဆိုတဲ့ အမှည့်ခြွေစစ် (War of Attrition)မျိုးကိုပဲဒီပွင့်လင်းရာသီမှာဆက်လက်ဆင်နွှဲနေနိုင်ပါတယ်။ ဒါ့အပြင် EAOs တွေနဲ့ နိုင်ငံတကာ (အထူးသဖြင့် အာဆီယံ) ကို အကန့်လိုက် သီးသန့်ဆွေးနွေးတာတွေအပြင် လိုက်လျောမှုအချို့ကိုလည်း စစ်ကောင်စီဘက်က လုပ်လာနိုင်ဖွယ်ရှိပါတယ်။ ပြည်သူတွေအနေနဲ့ကတော့ စစ်ဘေးနဲ့ အခြားကပ်ဘေး ဒုက္ခတွေကို ပိုတိုးပြီး ခံစားရဖွယ်ရှိပါတယ်။



စစ်ပြေးဒုက္ခသည် အရေအတွက်

၆၀,၀၀၀ နှင့် အထက်
၄၀,၀၀၀ နှင့် အောက်
၂၀,၀၀၀ နှင့် အောက်
၁၀,၀၀၀ နှင့် အောက်
၁,၀၀၀ အောက်

- ▲ လေကြောင်းတိုက်ခိုက်ခံရသော မြို့နယ်များ
- ● အာဏာသိမ်းစစ်ကောင်စီနှင့် တိုင်းရင်းသား လက်နက်ကိုင်များအကြား ဖြစ်ပွားခဲ့သောတိုက်ပွဲများ
- ● တိုင်းရင်းသား လက်နက်ကိုင်များ အချင်းချင်း ဖြစ်ပွားခဲ့သောတိုက်ပွဲများ
- ● အာဏာသိမ်းစစ်ကောင်စီနှင့် ဒေသခံ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များ အကြား ဖြစ်ပွားခဲ့သောတိုက်ပွဲများ

## ■ တိုက်ပွဲများ၊ စစ်ပြေးဒုက္ခသည်များနှင့် လေကြောင်းတိုက်ခိုက်ခံရမှုများ

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှ ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၀ ရက်အထိ မြန်မာနိုင်ငံ နေရာအနှံ့တွင် တိုက်ပွဲဖြစ်ပွားမှုပေါင်း ၂,၂၆၉ ကြိမ်ထက်မနည်း ရှိခဲ့သည်။ တိုက်ပွဲများကြောင့် စစ်ပြေးဒုက္ခသည်အရေအတွက် ၅၂၃,၂၅၄ ဦးထက်မနည်းရှိခဲ့ပြီး အရပ်သားသေဆုံးမှု ၄၃၁ ဦးထက်မနည်း ရှိခဲ့ပါသည်။ တိုက်ပွဲများကြောင့် သေဆုံးသူ ၄၀၀ ကျော်အနက် ၄၉ ဦးထက်မနည်းသည် စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှုများကြောင့် သေဆုံးခဲ့ရသော အရပ်သားပြည်သူများ ဖြစ်ပါသည်။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီမှ ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၀ ရက်အထိ စစ်ကောင်စီက လေကြောင်းတိုက်ခိုက်မှု ၅၂ ကြိမ်ထက်မနည်း ပြုလုပ်ခဲ့ပြီး ထိုအထဲမှ ၃၁ ကြိမ်ထက်မနည်းသည် ပြီးခဲ့သည့်နှစ်လအတွင်း ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ အထူးသဖြင့် ပြီးခဲ့သည့် နှစ်လအတွင်း လေကြောင်းတိုက်ခိုက်မှုများကို စစ်ကိုင်းတိုင်း၊ မကွေးတိုင်း၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်များတွင် ပြုလုပ်ခဲ့ပြီး အဆိုပါတိုက်ခိုက်မှုများကြောင့် နှစ်လအတွင်း စစ်ပြေးဒုက္ခသည် ၁၄၁,၅၄၇ ဦးထက်မနည်း ရှိခဲ့ပါသည်။ ပြီးခဲ့သည့်နှစ်လအတွင်း ဖြစ်ခဲ့သော တိုက်ပွဲပေါင်း ၃၅၀ ထက်မနည်းတွင် ၈၀ ရာခိုင်နှုန်းနီးပါးသည် စစ်ကောင်စီတပ်များနှင့် ဒေသခံ ပြည်သူ့ကာကွယ်ရေးတပ်များအကြား ပေါ်ပေါက်ခဲ့ခြင်း ဖြစ်ပါသည်။ ယခုပုံကားချပ်တွင် ဖော်ပြထားသော တည်နေရာများအနက် တိုက်ပွဲနှင့် စစ်ပြေးဒုက္ခသည် အရေအတွက်တို့သည် ၂၀၂၁ ခုနှစ် ဇူလိုင်လမှ ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၀ ရက်အထိဖြစ်ပြီး၊ လေကြောင်းတိုက်ခိုက်မှု အရေအတွက်မှာ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှ ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၀ ရက်အတွင်း ပြုလုပ်ခဲ့သည်များကို ဖော်ပြထားခြင်း ဖြစ်ပါသည်။

ရည်ညွှန်း - ယခုအချက်အလက်များမှာ မီဒီယာများနှင့် လွတ်လပ်သော အဖွဲ့အစည်းများ၏ ဖော်ပြချက်များကိုအခြေပြု၍ ISP-Myanmar က မှတ်တမ်းပြုစုထားခြင်း ဖြစ်ပါသည်။